# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဒီဇင်ဘာလ ၂၀၂၃ ခုနှစ်

HURFOM

Human Right Foundation of Monland December 2023

# ခြုံငုံသုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အကျဉ်းချုပ်

## စစ်တပ်ကို အပြစ်ပေးအရေးယူနိုင်ခြင်းမရှိသရွေ့ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်မြင့်တက်နေမည်ဖြစ်ပြီး အရပ်သားအပေါ် ပစ်မှတ်ထားသည့်တိုက်ခိုက်မှု

**ဒီဇင်ဘာလ ၂၀၂၃**

ပြီးခဲ့သည့် (၁၂) လတာ,ကာလအတွင်း မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းနှင့် နိုင်ငံတဝန်းလုံးရှိ လူ့အခွင့်အရေး အခြေအနေများသည် တည်ငြိမ်မှုကင်းမဲ့ပြီး မသေချာ, မရေရာမှုများနှင့် ပြည့်နှက်နေသည်။ ပြည်သူများမှာ အသက်ရှင်သန်ရေးနှင့်ပတ်သက်သော အရေးကြီးသည့် ဆုံးဖြတ်ချက်များကို နေ့စဉ်နေ့တိုင်းချမှတ်နေရသည်။

မည်သည့်ကြိုတင်သတိပေးချက်မျှမရှိဘဲ လက်နက်ကိုင် ပဋိပက္ခများ ပြင်းထန်လာသည့်အခါ ပြည်သူများမှာ ပုန်းခိုစရာနေရာများကို အသည်းအသန်ရှာဖွေကြရသည်။ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခြင်းမရှိသည့် အချိန်တွင်ပင် စစ်ကောင်စီက လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်လေ့ရှိကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ရရှိထားသည့် အချက်အလက်များက သက်သေခံနေသည်။

ဒေသခံပြည်သူများမှာ အလုပ်သွားရင်း၊ ကျောင်းသွားရင်း၊ မိသားစုဝင်များနှင့်အတူနေထိုင်ရင်း သတ်ဖြတ်ခံနေရသည်။ ထိခိုက်ဒဏ်ရာ ရရှိနေကြသည်။ ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် ဗမာစစ်တပ်အတွက် အသစ်အဆန်းမဟုတ်ချေ။ စစ်ရေးအရ ပိုမိုရှုံးနိမ့်လာချိန်တွင် စစ်ကောင်စီတပ်သားများသည် အကြမ်းဖက်မှုများကို ပိုမိုလုပ်ဆောင်လာသည်။

လူ့အခွင့်အရေးအဖွဲ့အစည်းများစွာက မှတ်တမ်းတင်ထားသည့်အတိုင်း စစ်တပ်က ပြည်သူများကိုပစ်မှတ်ထားသည့် တိုက်ခိုက်မှုသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစံနှုန်းများ၊ စည်းဘောင်များနှင့် နိုင်ငံတကာဥပဒေများကို ချိုးဖောက်နေခြင်းဖြစ်သည်။ စစ်တပ်သည် ၎င်းတို့ကျူးလွန်ခဲ့မှုများအတွက် ဆယ်စုနှစ်များစွာတိုင်အောင် တာဝန်ခံရခြင်း မရှိချေ။ စစ်မြေပြင်တွင်သော်လည်းကောင်း သာမန်အခြေအနေတွင်သော်လည်းကောင်း စစ်တပ်သည် ပြည်သူများ၏အသက်ခန္ဓာကို တန်ဖိုးထားခြင်း မရှိချေ။ စစ်အုပ်ချုပ်မှုအောက်တွင် တရားဥပဒေစိုးမိုးမှုလည်း မရှိသဖြင့် စစ်တပ်က ထင်တိုင်းကြဲနေသည်။

ပြီးခဲ့သည့်နှစ်တွင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ဒါဇင်နှင့်ချီသော နှိပ်စက်ညှဉ်းပန်းမှုများ၊ မတရားဖမ်းဆီးမှုများ၊ အတင်းအဓမ္မခေါ်ဆောင်သွားမှုများ၊ လိင်အကြမ်းဖက်မှုများ၊ ရမ်းသမ်းပစ်ခတ်မှုများနှင့် အခြားသောလူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ခဲ့သည်။ ပြည်သူများမှာ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ မျှော်လင့်ချက်ကင်းမဲ့ခြင်းနှင့် ခက်ခဲကြပ်တည်းခြင်းတို့ကို ကြိမ်ဖန်တလဲလဲ ကြုံတွေ့ခံစားနေရသည်။

တိုင်းရင်းသားကျန်းမာရေးဌာနများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပါအဝင် ဒေသခံကူညီကယ်ဆယ်ရေးအဖွဲ့များက အကြမ်းဖက်ခံနေရသည့်ပြည်သူများကို ကာကွယ်ပေးနိုင်ရန် ကြိုးစားလုပ်ဆောင်နေကြသည်။ သို့သော် အကြမ်းဖက်စစ်တပ်လက်အောက်တွင် မည်သူမျှ လုံခြုံမှုမရှိချေ။

၂၀၂၃ နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် မွန်ပြည်နယ်၌ စစ်ကောင်စီတပ်၏တိုက်ခိုက်မှုများ သိသိသာသာ မြင့်တက်လာသည်ကို စိုးရိမ်ဖွယ်ရာတွေ့ရှိရသည်။ ရိက္ခာဖြတ်တောက်ခြင်း၊ ငွေကြေးရန်ပုံငွေဖြတ်တောက်ခြင်း၊ သတင်းအချက်အလက်ဖြတ်တောက်ခြင်းနှင့် လူအင်အားဖြတ်တောက်ခြင်းစသည့် “ဖြတ်လေးဖြတ်” ပေါ်လစီကိုလည်း ပြန်လည်ကျင့်သုံးလာသည်။ ၁၉၆၀ ခုနှစ်များတွင် ဗမာစစ်တပ်က ကရင်ပြည်နယ်ရှိ ကွန်မြူနစ်ပါတီ နှင့်

**ဒီဇင်ဘာလ ၂၀၂၃**

ကရင်အမျိုးသားအစည်းအရုံးတို့ကို တိုက်ခိုက်ရာတွင် အဆိုပါ "ဖြတ်လေးဖြတ်" ပေါ်လစီကို စတင်ကျင့်သုံးခဲ့ခြင်း ဖြစ်သည်။

ဗမာစစ်တပ်က စစ်ဆင်ရေးပြုလုပ်သည့်နေရာတိုင်းတွင် အဆိုပါ "ဖြတ်လေးဖြတ်" ပေါ်လစီကို ကျင့်သုံးလေ့ရှိပြီး ၂၀၁၇ ခုနှစ်တွင်လည်း ရခိုင်ပြည်နယ်တွင် ထပ်မံကျင့်သုံးခဲ့သည်။ ယခုအခါ အဆိုပါပေါ်လစီကို မွန်ပြည်နယ်တွင် ကျင့်သုံးနေပြီး တော်လှန်ရေးကို ကူညီထောက်ပံ့နေသည့် ပြည်သူများကို နည်းမျိုးစုံဖြင့် အကြမ်းဖက်ဖိနှိပ်နေသည်။

စစ်ဘေးရှောင်ပြည်သူများ အစားအစာနှင့် သောက်သုံးရေ မရရှိစေရန် စစ်တပ်က တားဆီးပိတ်ပင်နေပြီး စစ်ဘေးရှောင်စခန်းများနှင့် ဘာသာရေးအဆောက်အဦးများကို ဗုံးကြဲတိုက်ခိုက်နေသည်။ ၎င်းပြင် စပါးရိတ်သိမ်းနေသည့် စစ်ရှောင်ပြည်သူများကိုလည်း ပစ်မှတ်ထားတိုက်ခိုက်နေသည်။ ပြည်သူများစုဆောင်းထားသည့်စားနပ်ရိက္ခာများနှင့် ဆေးဝါးများကို စစ်တပ်က ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးနေသည်။

"အာဏာသိမ်းပြီးနောက်ပိုင်းမှာ မွန်ပြည်နယ်မှာတော့ ကျိုက်မရောမြို့နယ်က လေကြောင်းတိုက်ခိုက်မှု အခံရဆုံးမြို့နယ်ပဲ။ နိုဝင်ဘာလ ဒုတိယအပတ်ကစပြီးတော့ ကရင်လက်နက်ကိုင်အဖွဲ့နဲ့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ပူးပေါင်းအဖွဲ့တွေက ကျိုက်မရော၊ ကြာအင်းဆိပ်ကြီးနဲ့ ကော့ကရိတ် တပ်မဟာ (၆) ဒေသတွေမှာ စစ်ဆင်ရေးစ လုပ်ခဲ့တယ်။

အဲဒီဒေသတွေမှာ စစ်ကောင်စီက သူတို့တပ်စခန်းတော်တော်များများကို လက်လွှတ်လိုက်ရတယ်။ အဲနောက်တော့ စစ်တပ်က တိုက်ခိုက်မှုတွေကို ပြင်းပြင်းထန်ထန်လုပ်လာပြီးတော့ ပြည်သူတွေကိုပါ ပစ်မှတ်ထားတိုက်ခိုက်လာတယ်။ လေယာဉ်နဲ့ ဗုံးကြဲတယ်။ လက်နက်ကြီးနဲ့ ပစ်တယ်။ ပြည်သူတွေကို ရွာထဲမှာ မနေနိုင်အောင် လုပ်တယ်။ လူ (၃၀,၀၀၀) နီးပါး စစ်ဘေးရှောင်နေရတယ်" ဟု မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဒါရိုက်တာ (Program Director) က ပြောသည်။

"စစ်တပ်က ကျွန်တော်တို့အပေါ်မှာ "ဖြတ်လေးဖြတ်" လုပ်နေတယ်။ ဒါက ကြောက်စရာကောင်းတဲ့ အခြေအနေပါ" ဟု ကျိုက်မရောမြို့နယ်မှ မွန်ပြည်သစ်ပါတီ၏ အဖွဲ့ဝင်ဟောင်းတစ်ဦးက မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ပြောသည်။

"စစ်ဆင်ရေးလုပ်ပြီးဆိုရင် ပြည်သူတွေကို ဖိနှိပ်တယ်၊ သတ်ဖြတ်တယ်။ သတင်းတွေ အမှောင်ချထားတော့ စစ်ရေးလှုပ်ရှားမှုတွေကို အနီးအနားမြို့နယ်တွေက မသိရတော့ဘူး။ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ဘယ်လောက်ဖြစ်နေလဲ မသိနိုင်တော့ဘူး" ဟု စီမံကိန်းဒါရိုက်တာက ဆက်ပြောသည်။

ဗမာစစ်တပ်အနေဖြင့် ယခင်ကလည်း အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်သည့်ရာဇဝင် ရှိခဲ့ပြီးဖြစ်သည်။ လူ့အသက်ကို တန်ဖိုးမထားဘဲ ပြည်သူကို အကြောက်တရားဖြင့် အုပ်ချုပ်သည်။ နှုတ်အားဖြင့်ဖြစ်စေ ကိုယ်ထိလက်ရောက်ဖြစ်စေ အကြမ်းဖက်လေ့ရှိပြီး ပြည်သူလူထုကို နေ့စဉ်ခြိမ်းခြောက်လျက်ရှိသည်။

၂၀၂၃ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် "လူ့အခွင့်အရေးအလေ့အထကို အနာဂတ်ကာလတွင် ထိန်းသိမ်းမြှင့်တင်ကြပါစို့" ဟူသော သဘောထားအမြင်ဖြင့် အစီရင်ခံစာတစ်စောင်ကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ထုတ်ဝေခဲ့သည်။

အစီရင်ခံစာ၏ခေါင်းစဉ်မှာ "အကြမ်းဖက်မှုအောက်က လူ့အခွင့်အရေးအခြေအနေ = ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေသည့် စစ်တပ်က လူ့အခွင့်အရေးယဉ်ကျေးမှုကို စနစ်တကျဖျက်စီးနေခြင်း" ဟူ၍ဖြစ်သည်။

အဆိုပါအစီရင်ခံစာတွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၌ ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ထားပြီး မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ မည်မျှဆိုးဆိုးရွားရွားဖြစ်ပွားနေသည်ကို မှတ်တမ်းတင်ထားသည်။ စစ်တပ်က ပြည်သူလူထုကို မည်သို့မည်ပုံပစ်မှတ်ထားတိုက်ခိုက်နေသည်၊ ၎င်းတို့ကို အတင်းအဓမ္မနေရပ်စွန့်

## ဒီဇင်ဘာလ ၂၀၂၃

ခွာထွက်ပြေးစေပြီး ၎င်းတို့အထွင်မြွအမြတ်ထားရာနေရာများကို မည်သို့ဖျက်စီးခဲ့သည်ကို အစီရင်ခံစာတွင် တင်ပြထားသည်။

ပြည်သူများသည် စိုးရိမ်ကြောက်ရွံ့မှုများကို တနိုင်ငံလုံးအတိုင်းအတာဖြင့် ခံစားနေရသော်လည်း ခုခံတွန်းလှန်နိုင်စွမ်းမှာ ကြံ့ခိုင်သန်မာနေဆဲဖြစ်သည်။ ၎င်းတို့၏ယုံကြည်ချက်သည် မပြိုမလဲတည်ရှိနေဆဲဖြစ်သည်။ ပကတိမြေပြင်တွင် အတိဒုက္ခကြုံတွေ့နေရသည့် ပြည်သူများကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက တက်ကြွစွာကူညီဖေးမလျက်ရှိသည်။ လက်နက်ကိုင်ပဋိပက္ခဒေသရှိပြည်သူများသည် အရေးပေါ်အကူအညီများ အထူးသဖြင့် အစားအစာနှင့် ဆေးဝါးအကူအညီများကို အထူးတလည်လိုအပ်နေသည်။

ပြည်သူတစ်ရပ်လုံး အတိဒုက္ခရောက်ရှိနေချိန်တွင် ပိုမိုထိခိုက်လွယ်သည့် အမျိုးသမီးနှင့် ကလေးသူငယ်များမှာလည်း အထိအခိုက်မခံသည့်အနေအထားသို့ ရောက်ရှိနေသည်။ စစ်တပ်ကို နိုင်ငံတကာက အရေးယူအပြစ်ပေးခြင်း မပြုနိုင်သရွေ့ ၎င်းတို့က ရက်စက်ကြမ်းကြုတ်သည့်ရာဇဝတ်မှုများကို ဆက်လက်ကျူးလွန်နေမည်ဖြစ်သဖြင့် စစ်တပ်ကို နိုင်ငံတကာက အမြန်ဆုံးအရေးယူအပြစ်ပေးရန် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ပြည်သူများနှင့်အတူ ထပ်မံတောင်းဆိုသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း စစ်ကောင်စီက ငွေကြေးချမ်းသာသူများကို ပစ်မှတ်ထားလာသည်။ ၎င်းတို့ကို စစ်ဆေးမေးမြန်းခြင်း ပြုလုပ်ကာ ၎င်းတို့ပိုင်ဆိုင်သည့်ပစ္စည်းများကို လုယက်ယူငင်သည်။ သံဖြူဇရပ်မြို့တွင် ငွေကြေးချမ်းသာသူ အနည်းဆုံး (၈) ဦး အဖမ်းခံခဲ့ရပြီး နေအိမ်နှင့် စျေးဆိုင် (၄) ခုကိုလည်း စစ်ကောင်စီက ချိပ်ပိတ်ခဲ့သည်။ အောင်ဇေယျတိုးချဲ့ရပ်ကွက်တွင် အမျိုးသားတစ်ဦးကို လက်နက်နှင့်အတူ ဖမ်းဆီးရမိပြီးနောက်ပိုင်း စစ်ကောင်စီက ငွေကြေးချမ်းသာသူ အနည်းဆုံး (၈) ဦးကို ဆက်လက်ဖမ်းဆီးကာ နေအိမ်နှင့် စျေးဆိုင် (၄) ခုကို ချိပ်ပိတ်ခဲ့သည်။

နိုဝင်ဘာလ (၃၀) ရက်နေ့ မနက်ပိုင်းတွင် သံဖြူဇရပ်မြို့ အောင်ဇေယျတိုးချဲ့ရပ်ကွက်မှ အသက် (၄၄) နှစ်အရွယ် ဦးမြသန်းကို စစ်ကောင်စီက စစ်ဆေးစဉ် ပစ္စတိုသေနတ်တွေ့ရှိခဲ့သဖြင့် ၎င်းကို ဖမ်းဆီးခဲ့သည်။ "အခုတော့ သံဖြူဇရပ်က ငွေကြေးတတ်နိုင်တဲ့သူတွေကို လိုက်နေတယ်။ ဘာကြောင့်လဲတော့ သေချာမသိဘူး" ဟု မြို့ခံတစ်ဦးက ပြောသည်။

ညနေပိုင်းတွင် "ဟေမဝန်" ဆောက်လုပ်ရေးပစ္စည်းဆိုင်ပိုင်ရှင် ကိုတရုတ်ကို ၎င်း၏နေအိမ်တွင် ဆက်လက်ဖမ်းဆီးခဲ့သည်။ နောက်တစ်နေ့တွင် ရွှေဆိုင်ပိုင်ရှင်နှင့် စျေးဆိုင်ပိုင်ရှင် အနည်းဆုံး (၆) ဦးကို ထပ်မံဖမ်းဆီးခဲ့ပြန်သည်။

"ငွေညှစ်ချင်လို့ ဖမ်းတာလို့ပဲ ထင်တယ်။ သံဖြူဇရပ်က သူဌေးတွေ အနည်းဆုံး (၈) ဦးလောက် အဖမ်းခံလိုက်ရတယ်" ဟု အခြားမြို့ခံတစ်ဦးက ပြောသည်။ ချမ်းသာသူများက တော်လှန်ရေးအင်အားစုများကို ငွေကြေးထောက်ပံ့ကာ ဒီမိုကရေစီလှုပ်ရှားမှုကို အားပေးကူညီသည်ဟု စစ်တပ်က ယူဆထားသည်။

ဒီဇင်ဘာလ (၁) ရက်နေ့တွင် "ဟေမဝန်" ဆောက်လုပ်ရေးပစ္စည်းဆိုင်ပိုင်ရှင် ကိုတရုတ်ကို စစ်တပ်က ဖမ်းဆီးပြီး ၎င်း၏နေအိမ်နှင့် စျေးဆိုင်ကို ချိပ်ပိတ်ခဲ့သည်။ နောက်ထပ်လူ (၄) ဦးကိုလည်း ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးထားသူများကို သံဖြူဇရပ်မြို့မရဲစခန်းတွင် ထိန်းသိမ်းထားပြီး စစ်ဆေးမေးမြန်းလျက်ရှိသည်။

သတင်းသမားများကို စစ်ကောင်စီက ပစ်မှတ်ထားနေသဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် အဖိနှိပ်ခံလာရသည်။ "Dawei Watch" သတင်းဌာန၏ သတင်းထောက် (၂) ဦးကို မြိတ်မြို့တွင် စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ ဒီဇင်ဘာလ (၁၁) ရက်နေ့တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက နေအိမ်များကို စီးနင်းကာ ၎င်းတို့၏သတင်းသမား (၂) ဦးကို ညသန်းခေါင်အချိန်တွင် ဖမ်းဆီးခဲ့ကြောင်း "Dawei Watch" သတင်းဌာနက ထုတ်ပြန်သည်။

## ဒီဇင်ဘာလ ၂၀၂၃

"Dawei Watch" သတင်းဌာန၏ သတင်းသမားများဖြစ်သည့် ကိုအောင်ဆန်းဦးနှင့် ကိုမျိုးမြင့်ဦးတို့ကို ရွှေဒူးကျေးရွာရှိ စစ်ကြောရေးစခန်းတွင် ဖမ်းဆီးထားပြီး စစ်ဆေးမေးမြန်းနေကြောင်း သိရသည်။ "သတင်းသမားတွေကို ဖမ်းသွားတယ်။ ဖုန်းနဲ့ လက်တော့(laptop)တွေကိုလည်း သိမ်းသွားတယ်" ဟု ဖမ်းဆီးခံရသူများနှင့်နီးစပ်သူတစ်ဦးက ပြောသည်။

သတင်းဌာနပိုင် ကွန်ပျူတာ (၂) လုံး၊ သတင်းသမားများနှင့် ၎င်းတို့မိသားစုဝင်များ၏ လက်ကိုင်ဖုန်းများကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက သိမ်းဆည်းသွားကြောင်း "Dawei Watch" သတင်းဌာနက ပြောသည်။ သတင်းရေးသားခြင်းသည် ရာဇဝတ်မှုကျူးလွန်ခြင်းမဟုတ်သဖြင့် စစ်ကောင်စီက ၎င်းတို့၏သတင်းသမားများကို ဖမ်းဆီးပိုင်ခွင့်မရှိကြောင်း "Dawei Watch" သတင်းဌာနက ထုတ်ပြန်သည်။

ဖမ်းဆီးစစ်ဆေးနေသည့် သတင်းသမား (၂) ဦးကို အမြန်ဆုံးပြန်လွှတ်ပေးရန် "Dawei Watch" သတင်းဌာနက တောင်းဆိုသည်။ မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း တနင်္သာရီတိုင်းတွင် သတင်းသမား (၈) ဦး ဖမ်းဆီးခံခဲ့ရပြီး (၆) ဦးကို ပြန်လည်လွှတ်ပေးခဲ့သည်။

ထောင်ဒဏ်ကျခံပြီးမှ ပြန်လည်လွတ်မြောက်လာသူများ ရှိသကဲ့သို့ ဖမ်းဆီးခံရပြီးနောက် ရက်ပိုင်းအတွင်း ပြန်လည်လွတ်မြောက်လာသူများလည်း ရှိသည်။ ဒီဇင်ဘာလတွင် ယခင်လများကထက် ဖမ်းဆီးခံရမှု ပိုမိုများပြားခဲ့ကြောင်း မြိတ်ဒေသခံများက ပြောသည်။


လူ့အခွင့်အရေးချိုးဖောက်မှုများသည် ဆက်လက်ဖြစ်ပွားနေပြီး နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ပြည်သူလူထု၏ အတိဒုက္ခများကို ကြီးကြီးမားမားလစ်လျူရှုထားဆဲဖြစ်သည်။ နိုင်ငံသား၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီစံနှုန်းစသည့် မည်သည့်အရာကိုမဆို အလေးထားခြင်း၊ ဂရုစိုက်ခြင်းမရှိသည့် အကြင်နာတရားမရှိသော စစ်ကောင်စီလက်အောက်တွင် ပြည်သူများက ဒုက္ခပင်လယ်ဝေနေဆဲဖြစ်သည်။ ကမ္ဘာ့အသိုင်းအဝိုင်းအနေဖြင့် ပကတိမြေပြင်တွင် အကြမ်းဖက်မှုများကို အံတုနေရသည့်ပြည်သူများနှင့်အတူ ရပ်တည်ရမည် ဖြစ်သည်။ ကာလံဒေသံနှင့်ကိုက်ညီသည့် ချဉ်းကပ်မှုများနှင့် ဖြေရှင်းမှုများကို ပံ့ပိုးကူညီရမည်ဖြစ်သည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင် မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်မှတ်တမ်းတင်ကောက်ခံနေသည်။ ၂၀၂၃ ဒီဇင်ဘာလအကုန်တွင် မတရားဖမ်းဆီးခံရမှု (၈၅) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၅၀) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၈၀) မှု နှင့် မတရားသတ်ဖြတ်ခံရမှု (၂၅) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း မတရားဖမ်းဆီးခံရမှု ၊ သတ်ဖြတ်ခံရမှု နှင့် ဒဏ်ရာရရှိခဲ့မှု အခြေအနေများ

**ဒီဇင်ဘာလ ၂၀၂၃**




# 6+

**စစ်ကောင်စီ၏ ပစ်မှတ်ထားခြင်းခံရသည့် ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူဦးရေ**

# 8

၂၀၂၃ ဒီဇင်ဘာလတွင် ဖြစ်ပွားခဲ့သည့်
ဆန္ဒပြမှုအရေအတွက်

| 4 | 2 | 1 |
|---|---|---|
| တနင်္သာရီတိုင်းဒေသကြီး | မွန်ပြည်နယ် | ကရင်ပြည်နယ် |

၇၄,၅၀၀ +

**စီမံကိန်းဧရိယာအတွင်းရှိ စစ်ဘေးရှောင်ပြည်သူဦးရေ**

**မွန်၊ ကရင်နှင့် တနင်္သာရီဒေသများရှိ စစ်ကောင်စီ၏ပစ်မှတ်ထားခြင်းခံရသည့် ပြည်သူများဦးရေ**

| 5+ | 8+ | 3+ |
|---|---|---|
| စစ်အာဏာရှင်စနစ်အောက်တွင် အမှုမထမ်းခြင်း (CDM) လှုပ်ရှားမှုတွင် ပါဝင်ခြင်းကြောင့် အလုပ်မှ ထုတ်ပယ်ခံရသူဦးရေ | စစ်ကောင်စီတရားရုံးက ထောင်ဒဏ်ချမှတ်လိုက်သည့် ဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူများဦးရေ | စစ်ကောင်စီတပ်က အစအန ပျောက်လိုက်သည့် ပြည်သူများ ဦးရေ |

# 30+

ကော့ကရိတ်ဒေသ၊ ကရင်ပြည်နယ်နှင့် ထားဝယ်ဒေသမှ ဖမ်းဆီးခံရပြီး လူသားဒိုင်းအဖြစ်အသုံးပြုခံရသည့် ရွာသားများဦးရေ

# 95+

ထိခိုက်ပျက်စီးခဲ့သော လူနေအိမ်အရေအတွက်



# 70+

မတရားဖမ်းဆီးသိမ်းယူခဲ့သော မော်တော်ဆိုင်ကယ်အရေအတွက်

# 5+

စစ်ကောင်စီတပ်ကသိမ်းဆည်းခဲ့သည့် မော်တော်ယာဉ်အရေအတွက်

# 2+

"Dawei Watch" သတင်းဌာနမှ သတင်းသမား (၂) ဦး ဖမ်းဆီးထိန်းသိမ်းခံရ

# 170+

ကျိုက်မရော၊ သံဖြူဇရပ်၊ မော်လမြိုင်နှင့် ကော့ကရိတ်ရှိ နေအိမ် (၁၇၀) ကျော်ကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဖောက်ထွင်းဝင်ရောက်ပြီး နေအိမ်ရှိပစ္စည်းများကို ခိုးယူခဲ့သည်။ ဘုန်းတော်ကြီးကျောင်း (၄) ကျောင်းလည်း ခြိမ်းခြောက်လုယက်ခြင်း ခံရသည်။



စစ်ကောင်စီက မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းနယ်မြေများတွင် ဖုန်းနှင့် အင်တာနက်ဆက်သွယ်ရေးလိုင်းများကို (၃၀+) ကြိမ်နှင့်အထက် ဖြတ်တောက်ခဲ့သည်။

## ကရင်ပြည်နယ်

- IDP 32,000 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 28 ဦးခန့်
- သေဆုံးသူ 8 ဦးခန့်

## မွန်ပြည်နယ်

## တနင်္သာရီ တိုင်းဒေသကြီး

တက်ကြွလှုပ်ရှားသူများကို အပြစ်ပေးအရေးယူမှုများသည် ဆက်လက်ဖြစ်ပွားနေသည်။ အသက် (၂၈) နှစ်အရွယ် ကရင်အမျိုးသားတစ်ဦးဖြစ်သူ စောဆောင်းနှင်းထူးဖော ကို စစ်ကောင်စီက ထားဝယ်မြို့အဝင်စစ်ဆေးရေးဂိတ်တွင် ၂၀၂၃ ဇူလိုင်လ (၂၅) ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးထိန်းသိမ်းခံရပြီး (၄) လအကြာ နိုဝင်ဘာလ (၃၀) ရက်နေ့တွင် စစ်ကောင်စီလက်အောက်ခံတရားရုံးက ၎င်းကို ထောင်ဒဏ် (၁၀) နှစ် ချမှတ်ခဲ့သည်။ ၎င်းအမှုနှင့်ပတ်သက်၍ မိသားစုဝင်များက သတင်းအစအနအနည်းငယ်သာ ရရှိခဲ့သည်။ ၎င်း၏လက်ကိုင်ဖုန်းတွင် တွေ့ရှိခဲ့သော သတင်းအချက်အလက်များအရ စောဆောင်းနှင်းထူးဖောကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)နှင့် ၅၀(ည) တို့ဖြင့် အမှုဖွင့်အရေးယူခဲ့ခြင်းဖြစ်သည်ဟု သူငယ်ချင်းဖြစ်သူတစ်ဦးက ပြောသည်။

စောဆောင်းနှင်းထူးဖောသည် ထားဝယ်ကွန်ပျူတာတက္ကသိုလ်မှ ကွန်ပျူတာနည်းပညာဘာသာဖြင့် ဘွဲ့ရခဲ့သူတစ်ဦး ဖြစ်ပြီး မိဘများနှင့်အတူ ဥယျာဉ်ခြံလုပ်ငန်းကို လုပ်ကိုင်နေသူဖြစ်ကြောင်း မိကျောင်းလှောင်ဒေသခံများက ပြောသည်။ မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကလိန်အောင်မြို့မှ ဒေသခံပြည်သူ (၂) ဦးကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် ထောင်ဒဏ်ချမှတ်ခဲ့သည်။

၂၀၂၃ ဒီဇင်ဘာလ (၁၈) ရက်နေ့ နံနက် (၁၁) နာရီအချိန်တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် တောင်ကြာအင်းကျေးရွာတွင် လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် ဒေသခံအမျိုးသမီး (၁) ဦး သေဆုံးပြီး အခြားအမျိုးသမီး (၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ကော့ကရိတ်အခြေစိုက် အမှတ် (၁၂) စစ်ဒေသကွပ်ကဲရေးဌာနချုပ်က ၁၂၀မမ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး အသက် (၄၆) နှစ်အရွယ် နန်းမီစု သေဆုံးခဲ့ရသည်။

၎င်းပြင် ဒီဇင်ဘာလ (၁၉) ရက်နေ့ ညနေ (၅) နာရီခွဲအချိန်ခန့်တွင် ကော့ကရိတ်အခြေစိုက် အမှတ် (၂၃၀) ခြေမြန်တပ်ရင်း၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် တောင်ကြာအင်းကျေးရွာမှ အသက် (၇၁) နှစ်အရွယ် ဒေါ်ခင်ရီနှင့် အသက် (၆၈) နှစ်အရွယ် နန်းမုလအန်တို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

“ရွာထဲကို လက်နက်ကြီး (၂) ရက်ဆက်တိုက်ပစ်တာ။ ခု ရွာထဲမှာ ဘယ်သူမှ မရှိတော့ဘူး။ အကုန်လုံးထွက်ပြေးကုန်ပြီ” ဟု တောင်ကြာအင်းဒေသခံတစ်ဦးက ပြောသည်။

စစ်ကောင်စီတပ်နှင့် တော်လှန်ရေးတပ်ပေါင်းစုတို့အကြားတိုက်ပွဲဖြစ်ပွားပြီးနောက်ပိုင်း စစ်ကောင်စီတပ်က လူနေကျေးရွာများကို လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်လေ့ရှိကြောင်း ဒေသခံများက ပြောသည်။

ကော့ကရိတ်မြို့နယ် တောင်ကြာအင်းနှင့် မြောက်ကြာအင်းကျေးရွာများမှ ဒေသခံပြည်သူအယောက် (၁,၀၀၀) ကျော်သည် စစ်ကောင်စီ၏လက်နက်ကြီးရန်ကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးနေရပြီး အနီးအနားရှိတောတောင်များနှင့် လုံခြုံရာနေရာများတွင် ပုန်းအောင်းနေကြရသည်။

ဒီဇင်ဘာလ (၁) ရက်နေ့တွင်စတင်ခဲ့သည့် တိုက်ပွဲကြောင့် ဒေသခံပြည်သူ (၉၀,၀၀၀) နီးပါးသည် ဘားအံခရိုင်ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ (၇) ထိန်းချုပ်နယ်မြေသို့ ထွက်ပြေးတိမ်းရှောင်လာရသည်။ ၎င်းတို့သည် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို အရေးပေါ်လိုအပ်နေသည်။

### မွန်ပြည်နယ်

- IDP 22,000 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 22 ဦးခန့်
- သေဆုံးသူ 10 ဦးခန့်

### ကရင်ပြည်နယ်

### တနင်္သာရီ တိုင်းဒေသကြီး

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို ကူညီထောက်ပံ့သည်ဟုဆိုကာ မွန်ပြည်နယ် သံဖြူဇရပ်မြို့မှ ဒေသခံပြည်သူ အယောက် (၇၀) နီးပါးကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ ၎င်းပြင် နေအိမ်နှင့် စီးပွားရေးလုပ်ငန်း အနည်းဆုံး (၅) ခုကိုလည်း ချိပ်ပိတ်သိမ်းဆည်းခဲ့သည်။ ဖမ်းဆီးခံရသူများအနက် ဦးမြသန်းနှင့် ကိုမင်းမင်းတို့ကို စစ်ကောင်စီက ဝဲကလိအမြောက်တပ် စစ်ကြောရေးစခန်းတွင် သတ်ဖြတ်လိုက်သည်။ ဖမ်းဆီးထားသူများကို မိသားစုဝင်များနှင့် တွေ့ခွင့်မပေးချေ။ ၎င်းပြင် ၎င်းတို့ကို အစာရေစာဖြတ်တောက်ထားပြီး ညှဉ်းပန်းနှိပ်စက်နေသည်။

“သူတို့က ဒီဇင်ဘာ (၉) ရက်နေ့မှာ အသတ်ခံလိုက်ရတာ။ ဒါပေမဲ့ စစ်တပ်က သူတို့မိသားစုကို အကြောင်းကြားတာမျိုး အလောင်းပြန်ပေးတာမျိုး မရှိဘူး” ဟု ဒေသခံသတင်းအရင်းအမြစ်တစ်ခုက ပြောသည်။

အခြားမြို့ခံတစ်ဦးက “သူတို့ကိုဆန့်ကျင်တဲ့သူတွေရဲ့အိမ်ကို နေ့တိုင်းလာစစ်ဆေးတယ်။ သူတို့လိုချင်တဲ့သူကို လာရှာတာလေ။ သူတို့က ဘယ်ရှိတော့မလဲ၊ ထွက်ပြေးသွားပြီ” ဟု ပြောသည်။ စစ်ကောင်စီက သံဖြူဇရပ်မြို့ခံ နောက်ထပ်အယောက် (၁၀၀) ကို ဖမ်းဆီးရန် ပြင်ဆင်နေသည်ဟု ဒေသခံများက မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ပြောသည်။

မွန်ပြည်နယ်အတွင်းဖြစ်ပွားနေသည့်အကြမ်းဖက်မှုများတွင် လက်နက်ကြီးဖြင့်ရမ်းသမ်းပစ်ခတ်ခြင်းလည်း ပါဝင်သည်။ ဘီးလင်းမြို့နယ် ရွှေရောင်ပြကျေးရွာကို စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့သဖြင့် ဒေသခံတစ်ဦး သေဆုံးပြီး နေအိမ် (၆) လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း ရွာသားများက ပြောသည်။ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ပူးပေါင်းတပ်တို့က အမှတ် (၃၁၄) အမြောက်တပ်ကို ဒီဇင်ဘာလ (၇) ရက်နေ့ နေ့လည်အချိန်ခန့်တွင် ဒရုန်းဖြင့်တိုက်ခိုက်ခဲ့သည်။

အဆိုပါတိုက်ခိုက်မှုပြီးနောက် အမြောက်တပ်က ဘီးလင်းမြို့နယ် အဝန်းကြီး၊ ရွှေရောင်ပြနှင့် ပန်းအောင်ကုန်းကျေးရွာများကို လက်နက်ကြီးဖြင့် အကြိမ် (၂၀) ထက်မနည်း ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ လက်နက်ကြီးသည် ဆိုင်ကယ်စီးလာသူ အသက် (၄၆) နှစ်အရွယ် စောလအောကို ထိမှန်ပေါက်ကွဲခဲ့သည်။ ၎င်းသည် အခင်းဖြစ်ပွားရာနေရာတွင်ပင် သေဆုံးခဲ့သည်။

“အဲဒီနေ့တစ်ရက်တည်းမှာတင် ရွှေရောင်ပြထဲကို လက်နက်ကြီး (၁၀) လုံးလောက် ကျတယ်။ ရွာသားတွေက ဗုံးခိုကျင်းထဲကို ချက်ချင်းပြေးဝင်ရတယ်။ ဖြစ်ချင်တော့ (ရွှေရောင်ပြ)ရွာကို အလုပ်ကိစ္စနဲ့လာတဲ့ အဝန်းကြီးရွာသားတစ်ယောက် ဆုံးသွားတယ်။ ဆိုင်ကယ်လည်း ပျက်စီးသွားတယ်” ဟု ရွှေရောင်ပြဒေသခံတစ်ဦးက ပြောသည်။

လက်နက်ကြီးပေါက်ကွဲမှုကြောင့် နော်မငယ်၊ နော်တေ၊ နော်မီးမီး၊ စောသာခ၊ စောမောင်နုနှင့် စောဂီးတို့၏ နေအိမ် (၆) လုံး ထိခိုက်ပျက်စီးခဲ့ပြီး နွား (၂) ကောင်လည်း လက်နက်ကြီးထိမှန်ကာ ဒဏ်ရာရရှိခဲ့သည်။

စစ်ကောင်စီက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ရွှေရောင်ပြ၊ အဝန်းကြီးနှင့် ပန်းအောင်ကုန်းကျေးရွာများသည် သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး၏ ထိန်းချုပ်နယ်မြေတွင် တည်ရှိသည်။

နိုဝင်ဘာလ (၂၀) ရက်နေ့တွင် ဘီးလင်းမြို့နယ် ရွှေလောင်အင်းကျေးရွာကို စစ်ကောင်စီတပ်က

လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ အသက် (၁၅) နှစ်အရွယ် စောထက်ဝေယံ သေဆုံးခဲ့ပြီး အသက် (၁၇) နှစ်အရွယ် နော်စန်းထွေး ထိခိုက်ဒဏ်ရာရခဲ့သည်။

ခရစ်စမတ်အကြိုနေ့တွင်လည်း စစ်ကောင်စီတပ်၏လက်နက်ကြီးကြောင့် ကလေးငယ် (၁) ဦး သေဆုံးကာ အမျိုးသမီး (၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ မွန်ပြည်နယ် ဘီးလင်းမြို့နယ် သပြေနီကျေးရွာအနီးတွင် စစ်ကောင်စီယာဉ်တန်း မိုင်းဖြင့်တိုက်ခိုက်ခံရပြီးနောက် ရမ်းသမ်းပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

"သူတို့ကားလည်း မိုင်းထိရော ကားပေါ်ကနေ လှမ်းပစ်တော့တာပဲ။ သပြေနီရွာအဝမှာ ပျဉ်ပြားတွေကို ချိတ်ဆွဲနေတဲ့ကလေးမလေး လည်ပင်းကို ကျည်ထိပြီး သေသွားတယ်။ အဲကလေးမလေးက (၁၀) နှစ်အရွယ်ပဲ ရှိသေးတယ်။ တော်တော်ရင်နာဖို့ကောင်းတယ်။ သူ့အမေက မုဆိုးမ။ ကျည်ထိပြီးတော့ (၅) မိနစ်လောက်ပဲနေပြီး ဆုံးသွားတယ်" ဟု သပြေနီဒေသခံတစ်ဦးက ပြောသည်။

အဆိုပါပစ်ခတ်မှုအတွင်း လက်နက်ကြီးပေါက်ကွဲမှုကြောင့် အသက် (၅၅) နှစ်အရွယ် ဒေါ်ဘိုမဲနှင့် အသက် (၄၄) နှစ်အရွယ် ဒေါ်စန်းအေးတို့သည် တင်ပါးနှင့် မျက်လုံးများတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ ထိခိုက်ခဲ့သူအမျိုးသမီး (၂) ဦးကို ဒေသခံလူမှုကယ်ဆယ်ရေးအဖွဲ့၏ အကူအညီဖြင့် ဘီးလင်းမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုကြောင့် အာလူးလေးနှင့် သပြေနီကျေးရွာများမှ ဒေသခံပြည်သူများသည် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ဒီဇင်ဘာလ (၂၆) ရက်နေ့အထိ နေအိမ်မပြန်နိုင်ကြသေးချေ။ စစ်ကောင်စီတပ်က နေ့စဉ်နီးပါး ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်နေသဖြင့် ဘီးလင်းမြို့နယ်မှဒေသခံပြည်သူများမှာ ထိခိုက်သေဆုံးမှုများ ဖြစ်လာသည်။ ဒေသခံလူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များ၏ ပြောကြားချက်အရ ကရင်ပြည်နယ်တွင် စစ်ကောင်စီက တပ်စခန်း ဒါဇင်နှင့်ချီ ဆုံးရှုံးလိုက်ရသည်။

သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ (၁) ထုတ်ပြန်ချက်အရ ၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့ မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း ဒေသခံပြည်သူ (၁၀၀) ကျော် သတ်ဖြတ်ခံရပြီး အနည်းဆုံး (၃၀၀) ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ရက်စက်ကြမ်းကြုတ်သည့် စစ်ရေးဗျူဟာများအပြင် "မထင်လျှင် မထင်သလို" စစ်ဆေးမေးမြန်းမှုများကိုလည်း စစ်ကောင်စီတပ်က လုပ်ဆောင်နေသည်။ မှတ်ပုံတင်မပြသနိုင်သည့် ပြည်သူများကို စစ်သားများက ငွေညှစ်သည်။ အဆိုပါဖြစ်စဉ်များသည် မော်လမြိုင်နှင့် ကျိုက်မရောစစ်ဆေးရေးဂိတ်များတွင် အများအပြားဖြစ်ပွားနေပြီး အထောက်အထားမပြသနိုင်သူ ဒေသခံပြည်သူများကို စစ်သားများက ငွေကျပ် (၁၀,၀၀၀) မှ (၁၅,၀၀၀) အထိ အဓမ္မတောင်းခံနေသည်။

စစ်ကောင်စီတပ်သားများက ပြည်သူများကို ရပ်တန့်ပြီး ဘေးတွဲဆိုင်ကယ်များ၊ မော်တော်ကားများနှင့် ဆိုင်ကယ်များကို စစ်ဆေးသည်။ လက်ကိုင်ဖုန်းများကိုပါ စစ်ဆေးနေပြီး မေးခွန်းများစွာ မေးမြန်းနေကြောင်း အစစ်ဆေးခံခဲ့ရသူပြည်သူတစ်ဦးက ပြောသည်။ "သူတို့က ဖုန်းကို စစ်ပြီး Facebook ကို ဝင်ကြည့်တယ်။ ဓာတ်ပုံတွေ ဗီဒီယိုတွေကိုလည်း ဝင်ကြည့်တယ်။ ဖုန်းမက်ဆေ့တွေကို စစ်ပြီး မေးခွန်းတွေ မေးတယ်။ လူငယ်ဆိုရင် ပိုစစ်တယ်။ အသေးစိတ်ကို လိုက်မေးနေတယ်" ဟု ၎င်းက ပြောသည်။

မော်လမြိုင်မြို့နယ်ရှိ အခြားနေရာများတွင်လည်း စစ်ဆေးနေစဉ်အတွင်း မှတ်ပုံတင်မပြသနိုင်သူများကို စစ်သားများက ငွေညှစ်နေသည်။ ကျိုက်မရောဒေသခံများ၏ပြောကြားချက်အရ စစ်ကောင်စီတပ်သားများသည် ကျိုက်မရောမြို့နယ်တွင် ကင်းလှည့်လည်စစ်ဆေးနေသည်။ မှတ်ပုံတင်မပြသနိုင်သူကို ငွေကျပ် (၅,၀၀၀) တောင်းသည်။

မွန်ပြည်နယ်အတွင်းရှိ စစ်ကောင်စီလုံခြုံရေးဂိတ်များသည် ခရီးသွားပြည်သူများ၊ လူတင်ယာဉ်များနှင့် ကုန်တင်ကားများကို ရပ်တန့်စစ်ဆေးပြီး ငွေကြေးတောင်းခံနေသည်။ "ပိုက်ဆံမတောင်းတဲ့ဂိတ် ရှိကိုမရှိဘူး" ဟု ထားဝယ်-မော်လမြိုင်-ရန်ကုန် ခရီးသွားအမျိုးသမီးတစ်ဦးက ပြောသည်။

တိုက်ပွဲများဖြစ်ပွားနေသည့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်နှင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်များတွင် စစ်ရှောင်ပြည်သူများသည် ထွက်ပြေးလာရစဉ်အတွင်း အဖိုးတန်ပစ္စည်းများကိုသာ ယူဆောင်လာနိုင်သည်။ အရေးပေါ်ထွက်ပြေးလာရသဖြင့် မှတ်ပုံတင်များ၊ အိမ်ထောင်စုစာရင်းများကို ယူဆောင်မလာနိုင်ဘဲ အဆိုပါအထောက်အထားများသည် နေအိမ်တွင်ပင် ကျန်ရစ်နေခဲ့သည်။

ပြည်သူများအနေဖြင့် မော်လမြိုင်နှင့် မုဒုံမြို့များတွင် အချိန်မရွေးဝင်ထွက်သွားလာနိုင်ကြောင်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များက လူမှုကွန်ရက်တွင် ကြေညာပြီးနောက်ပိုင်း မော်လမြိုင်မြို့ဝင်မြို့ထွက်၊ ဈေးကြို၊ ဖက်ခင်း၊ အထက်လမ်းမကြီးနှင့် မြို့ရှောင်လမ်းများတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက စစ်ဆေးမေးမြန်းမှုများ၊ ရှာဖွေမှုများ ပြုလုပ်နေသည်။

စစ်ကောင်စီ၏အကြမ်းဖက်မှုဒဏ်ကို ဘာသာရေးအဖွဲ့ဝင်များကပင် ရှောင်ကွင်း၍ မရချေ။ ဒီဇင်ဘာလ (၅) ရက်နေ့ နံနက်ပိုင်းတွင် ကျိုက်ထိုဘုန်းတော်ကြီးကျောင်းမှ သံဃာတော်တစ်ပါးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို ထောက်ပံ့သည်ဟု စွပ်စွဲကာ စစ်ကောင်စီက ဖမ်းဆီးပြီး အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုခဲ့သည်။

ဦးဥတ္တမသည် အမျိုးသားညီညွတ်ရေးအစိုးရကပြုလုပ်သည့် လှူပ်ရှားမှုတွင် ပါဝင်ပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို Kpay မှတဆင့် ငွေကြေးထောက်ပံ့ခဲ့သည်ဟု စစ်ကောင်စီ၏ သတင်းစာရှင်းလင်းပွဲက ထုတ်ပြန်သည်။ ဦးဥတ္တမကို ၂၀၁၄ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည) ဖြင့် ကျိုက်ထိုမြို့မရဲစခန်းက တရားစွဲဆိုခဲ့သည်။

၎င်းပြင် ဒီဇင်ဘာ (၄) ရက်နေ့တွင် မုဒုံမြို့နယ် ဖယ်ဒိုကျေးရွာမှ မသူဇာဝင်းကို အမျိုးသားညီညွတ်ရေးအစိုးရနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို Wave Money မှတဆင့် ငွေကြေးထောက်ပံ့သည်ဟု စွပ်စွဲပြီး စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့သည်။

စစ်ကောင်စီ၏အကြမ်းဖက်မှုက မွန်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကြောက်ရွံ့ထိတ်လန့်စေပြီး စိုးရိမ်သောကဖြစ်စေသည်။ ဒီဇင်ဘာလ (၁၃) ရက်နေ့ ညနေပိုင်းတွင် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့ အောင်ဖေယျတိုးချဲ့ရပ်ကွက်မှ အမျိုးသမီး (၁) ဦးနှင့် အမျိုးသား (၂) ဦးတို့ကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။

အောင်ဖေယျတိုးချဲ့ရပ်ကွက် အလယ်တန်းကျောင်းရှေ့မှ အမျိုးသား (၁) ဦး၊ အောင်ဖေယျရပ်ကွက်ဈေးရှေ့မှ အမျိုးသား (၁) ဦးနှင့် ရခိုင်မုန့်တီရောင်းသည့် အမျိုးသမီး (၁) ဦးတို့ကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ အဆိုပါ (၃) ဦးကို ဖမ်းဆီးချိန်တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ၎င်းတို့နေအိမ်မှ အဖိုးတန်ပစ္စည်းများကို လုယက်ယူငင်ခဲ့သည့်အပြင် ဆိုင်ကယ်များကိုပါ သိမ်းယူသွားခဲ့သည်။

"ညဘက်ကြီး လာဖမ်းတာ။ တစ်ယောက်က တောင်းပန်နေတဲ့အသံကို သေသေချာချာကြားခဲ့ရတယ်။ တစ်အိမ်လုံးကို မွှေနှောက်သွားတယ်။ အဖိုးတန်ပစ္စည်းတွေကိုလည်း သိမ်းသွားတယ်။ အကုန်လုံးကို ယူသွားတာ" ဟု သံဖြူဇရပ်မြို့ခံတစ်ဦးက ပြောသည်။

ဖမ်းဆီးခံရသူများ၏ နေအိမ်နှင့် စီးပွားရေးလုပ်ငန်းများကိုလည်း စစ်ကောင်စီက ချိပ်ပိတ်ခဲ့သည်။ ဆက်စပ်ပတ်သက်သူ အနည်းဆုံးအယောက် (၁၀၀) ခန့်ကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ ဒေသခံအချို့မှာ နေအိမ်နှင့် ဈေးဆိုင်များကို ပိတ်သိမ်းပြီး မြို့ပေါ်သို့ ပြောင်းရွှေ့သွားကြသည်။

ဖမ်းဆီးခံရသူများအနက် အောင်ဖေယျတိုးချဲ့ရပ်ကွက်မှ အမျိုးသား (၂) ဦးကို စစ်ဆေးမေးမြန်းနေစဉ်အတွင်း အသက်သေဆုံးသည်အထိ စစ်ကောင်စီက ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ ၎င်းတို့၏ရုပ်အလောင်းများကိုလည်း မိသားစုထံ ပြန်လည်ပေးအပ်ခြင်း မရှိချေ။

လက်ရှိအချိန်တွင် သံဖြူဇရပ်မြို့ပေါ်၌ လူသူကင်းရှင်းလျက်ရှိသည်။ စစ်ကောင်စီက မြို့ခံပြည်သူများကို ရပ်တန့်စစ်ဆေးနေပြီး ဖမ်းဆီးမှုများ ထပ်မံပြုလုပ်လာမည်ကို ဒေသခံပြည်သူများက စိုးရိမ်နေသည်။

ဒီမိုကရေစီလှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်မည်ဆိုပါက အစိုးရဝန်ထမ်းများကိုပင် စစ်ကောင်စီက ဖမ်းဆီးထိန်းသိမ်းလျက်ရှိသည်။ သံဖြူဇရပ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူးကို အမျိုးသားညီညွတ်ရေးအစိုးရနှင့် တော်လှန်ရေးလက်နက်ကိုင်အဖွဲ့

များထံသို့ ဌာနတွင်းသတင်းများကို မျှဝေသည်ဟုဆိုကာ ဖမ်းဆီးလိုက်သည်။

သံဖြူဇရပ်မြို့ ကြံ့ခိုင်ရေးရပ်ကွက်နေ အသက် (၄၀) အရွယ် ဒုဦးစီးမှူးဦးအောင်ကိုကို့ကို ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် အမှုဖွင့်ခဲ့သည်။ ၎င်းကို အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)ဖြင့် တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

ဖမ်းဆီးထားသူများအနက် အယောက် (၂၀) နီးပါးကို စစ်ကောင်စီက အပြစ်ပေးအရေးယူခဲ့သည်။ ဆောက်လုပ်ရေးလုပ်ငန်းတွင် လုပ်ကိုင်နေသူများကိုလည်း အမျိုးသားညီညွတ်ရေးအစိုးရနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ဆက်နွယ်ပတ်သက်နေသူများဟု စစ်ကောင်စီက ပြောသည်။ ဖမ်းဆီးခံရသူ (၅) ဦး၏ နေအိမ်ကို စစ်ကောင်စီက ချိပ်ပိတ်ခဲ့ပြီး ဖမ်းဆီးမှုများကို ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။

ဦးမြင့်သန်းနှင့် ကိုမင်းမင်းသည် ဝဲကလိစစ်ကြောရေးစခန်းတွင် အသက်သေဆုံးသည်အထိ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည်။ ၎င်းတို့၏ရုပ်အလောင်းကို မိသားစုဝင်များထံ ပြန်လည်ပေးအပ်ခြင်းမရှိဘဲ စစ်တပ်က ၎င်းတို့၏အစီအစဉ်ဖြင့်သာ မီးသင်္ဂြိုလ်လိုက်ကြောင်း သိရသည်။

မွန်ပြည်နယ် သထုံမြို့နယ် သုဓမ္မဝတီမြို့မှ လူ့အခွင့်အရေးကာကွယ်ဆယ်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စောစုစုထွေးကို စစ်ကောင်စီက ဖမ်းဆီးစစ်ဆေးနေသည်။

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦး၏ လူမှုကွန်ရက်တွင် မှတ်ချက်ရေးသားခဲ့ခြင်းကြောင့် ၎င်းကို စစ်ကောင်စီက ဒီဇင်ဘာလ (၁၆) ရက်နေ့ နံနက် (၁၀) နာရီတွင် ဖမ်းဆီးခဲ့သည်။

"ရေးတာက ဘာမှမဟုတ်ဘူး။ "ပြန်ဆုံကြမယ်" လို့ ရေးလိုက်တာ။ စစ်လော်ဘီတွေက ဖမ်းခိုင်းတော့ အိမ်အထိ လာဖမ်းသွားတယ်" ဟု ဒေါ်စောစုစုထွေး၏မိသားစုနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

စစ်တပ်လော်ဘီ Telegram Channel တစ်ခုက ဒေါ်စောစုစုထွေး၏မှတ်ချက်သည် အကြမ်းဖက်မှုကို အားပေးခြင်းဖြစ်ကြောင်း ပြောဆိုပြီး နာရီပိုင်းအတွင်းမှာပင် စစ်ကောင်စီက ၎င်းကို လာရောက်ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

၎င်းကို သထုံမြို့နယ် အမှတ် (၉) စစ်သင်တန်းကျောင်းတွင် ဖမ်းဆီးစစ်ဆေးနေပြီး မိသားစုဝင်များနှင့် တွေ့ခွင့်မရချေ။ "ရှင်သန်ခြင်းတွဲလက်" လူမှုကယ်ဆယ်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စောစုစုထွေး အဖမ်းခံရပြီးနောက်ပိုင်း သထုံမြို့နယ်ရှိ လူမှုကယ်ဆယ်ရေးအသင်းအများစုက ၎င်းတို့၏လုပ်ငန်းတစ်ချို့ကို ရပ်ဆိုင်းခဲ့သည်။

သထုံမြို့နယ် ဒေသခံပြည်သူများက ဒေါ်စောစုစုထွေးကို ပြန်လည်လွှတ်ပေးရန် တောင်းဆိုနေကြသည်။

"မစုက သထုံမြို့နယ်အတွက် အများကြီးလုပ်ပေးခဲ့တာ။ ကိုဗစ်တုန်းကဆို သူပဲ ဦးဆောင်ခဲ့တာ။ ဒီလိုအချိန်မှာတော့ အကုန်သတိထားနေရတယ်။ သူ့ကို အမြန်ဆုံးလွှတ်ပေးစေချင်တယ်" ဟု သထုံမြို့နယ်လူမှုကယ်ဆယ်ရေးအသင်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ဒီဇင်ဘာလ (၁၉) ရက်နေ့အထိ မွန်ပြည်နယ်တွင် စစ်ကောင်စီက အကြောင်းအမျိုးမျိုးပြပြီး ဖမ်းဆီးထားသူ အယောက် (၈၀၀) ကျော်ရှိကြောင်း သိရသည်။

ကရင်ပြည်နယ်

မွန်ပြည်နယ်

### တနင်္သာရီ တိုင်းဒေသကြီး

- IDP 22,500+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 30 ဦးခန့်
- သေဆုံးသူ 7 ဦးခန့်

စစ်ကောင်စီတပ်က စစ်ကြောင်းထိုးနေသဖြင့် တနင်္သာရီတိုင်း ရေဖြူမြို့နယ်အနောက်ဘက်ရှိ ဒေသခံပြည်သူများသည် ကျေးရွာတွင် မနေရဲတော့ဘဲ နေရပ်စွန့်ခွာ ထွက်ပြေးနေရသည်။

ပြီးခဲ့သည့်အောက်တိုဘာလတွင်လည်း ရေဖြူအနောက်ဘက်ကမ်းကို (၂) ကြိမ်တိုင်တိုင် စစ်ကြောင်းထိုးခဲ့သည်။ ကျေးရွာ (၅) ရွာမှ နေအိမ် (၂၉) လုံးကို မီးရှို့ဖျက်စီးခဲ့ပြီး ရွာသား (၇) ဦးကို ပစ်သတ်ခဲ့သည်။ အဆိုပါအဖြစ်အပျက်နောက်ပိုင်း ရွာသားအများစုက နဘုလယ်ဒေသဘက်သို့ ပြောင်းရွှေ့သွားကြသည်။

"ကျွန်တော်တို့က (စစ်သတင်းကို) အမြဲနားစွင့်နေရတယ်။ ရွာသားတွေအတော်များများတော့ ပြောင်းသွားကြပြီ။ ထပ်ပြောင်းမယ့်သူတွေလည်း အများကြီးပဲ" ဟု နဘုလယ်ဒေသတွင်နေထိုင်နေသူတစ်ဦးက ပြောသည်။

၂၀၂၃ နိုဝင်ဘာလတွင် ပရဒပ်၊ မူးဒူး၊ ဘဝါနှင့် ဘဝါကမ်းခြေကျေးရွာများမှ ရွာသားအများစုသည် ထားဝယ်မြို့သို့ ပြောင်းရွှေ့သွားကြသည်။ အောက်တိုဘာလ (၂၅) ရက်နေ့တွင် စစ်ကောင်စီတပ်က ပရဒပ်ကျေးရွာသို့ ဝင်ရောက်လာပြီး နေအိမ် (၃) လုံးကို မီးရှို့ဖျက်စီးကာ ရွာသား (၃) ဦးကို ပစ်သတ်ပြီးမီးရှို့ခဲ့သည်။ ၎င်းနောက် ဒေသခံအများစု ထွက်ပြေးတိမ်းရှောင်နေရသည်။

၂၀၂၃ နိုဝင်ဘာလတွင်လည်း မူးဒူးကျေးရွာတွင် နေအိမ်အလုံး (၂၀) ကို မီးရှို့ဖျက်စီးခဲ့သည်။ စစ်တပ်က တစ်ရွာလုံးကို မီးရှို့ဖျက်ဆီးပစ်မည်ဟု ခြိမ်းခြောက်သဖြင့် ရွာသူရွာသား သုံးပုံတစ်ပုံခန့်မှာ ကျေးရွာတွင် မနေရဲတော့ဘဲ ထွက်ပြေးနေရသည်။

ဘဝါနှင့်ဘဝါကမ်းခြေကျေးရွာများတွင်နေအိမ်များမီးရှို့ဖျက်ဆီးခြင်းမခံရသော်လည်း စစ်တပ်က ကျေးရွာအဝင်အထွက်ကိုလည်းကောင်း၊ ရေတပ်က ပင်လယ်ထွက်ပေါက်ကိုလည်းကောင်း ပိတ်ဆို့ထားသဖြင့် ရွာသူရွာသားတစ်ဝက်ခန့်မှာ ကြိုတင်တိမ်းရှောင်နေရသည်။ နိုဝင်ဘာလ (၁၈) ရက်နေ့တွင် စစ်တပ်က မူးဒူးကျေးရွာအရှေ့ဘက်ခြမ်းမှ စတင်၍ စစ်ကြောင်းထိုးလာသည်။

နိုဝင်ဘာလ (၁၉) ရက်နေ့တွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်တပ်က မူးဒူးကျေးရွာရှိ နေအိမ် (၁၈) လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။ ရွာသား (၁) ဦးကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီး ရွာသားအချို့ကို ဖမ်းဆီးခဲ့သည်။

ခမောင်းချောင်းနှင့် ကေနိကျေးရွာမှ ဒေသခံပြည်သူများသည် နေ့ဘက်အချိန်တွင်သာ ကျေးရွာတွင်နေထိုင်ကြပြီး ညဘက်တွင် နီးစပ်ရာခြံများသို့ သွားရောက်အိပ်စက်နေရကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက ပြောသည်။ ရေဖြူနှင့် သရက်ချောင်းဒေသခံအများစုသည် ထွက်ပြေးတိမ်းရှောင်နေရပြီး ဘုန်းတော်ကြီးကျောင်းများ၊ ဆွေးမျိုးတို့၏နေအိမ်များတွင် နေထိုင်နေရသည်။ အချို့မှာ ထားဝယ်မြို့ပေါ်တွင် အခန်းများ၊ နေအိမ်များ ငှားရမ်းနေထိုင်နေရသည်။

ပြီးခဲ့သည့်အောက်တိုဘာလတွင် ထားဝယ်ခရိုင် ရေဖြူနှင့် သရက်ချောင်းမြို့နယ်များတွင် တိုက်ပွဲများ အများအပြားဖြစ်ပွားခဲ့ပြီး စစ်ကောင်စီက ဒေသခံပြည်သူများကို ရည်ရွယ်ချက်ရှိရှိအကြမ်းဖက်ခဲ့သဖြင့် အများအပြား ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ထားဝယ်အထူးစီးပွားရေးဇုန် ရေဖြူအနောက်ဘက်ကမ်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများသည် ငါးဖမ်းခြင်းနှင့် ဥယျာဉ်ခြံစိုက်ပျိုးခြင်းလုပ်ငန်းများဖြင့် အသက်မွေးကြပြီး ယခုအချိန်တွင် အများစုမှာ ထွက်ပြေးတိမ်းရှောင်နေရသည်။ ဒေါန-တနင်္သာရီ စစ်ဘေးရှောင်ကူညီရေးအသင်း၏ ထုတ်ပြန်ချက်အရ ၂၀၂၃ စက်တင်ဘာလအထိ တနင်္သာရီဒေသတွင် စစ်ဘေးရှောင်ပြည်သူဦးရေ (၂၁,၀၀၀) အထိ ရှိနေကြောင်း သိရသည်။

ခမောက်ကြီးကျေးရွာအနီးတွင် စစ်တပ်က တိုက်ခိုက်ခံရပြီးနောက် လသားအရွယ် ကလေးငယ်များအပါအဝင် ဒေသခံပြည်သူအများအပြား ဖမ်းဆီးခံခဲ့ရသည်။ (၁) လသားအရွယ် ကလေးငယ် (၁) ဦးအပါအဝင် ဒေသခံပြည်သူ (၇) ဦးကို စစ်တပ်က ဖမ်းဆီးခဲ့ပြီး တနင်္သာရီတိုင်း ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့တွင် ထိန်းသိမ်းထားသည်။ မိသားစုဝင်များနှင့် တွေ့ခွင့်မပေးချေ။

ဒီဇင်ဘာလ (၈) ရက်နေ့ (၁၀) နာရီခွဲအချိန်တွင် စစ်ကောင်စီတပ်သားများသည် ဖော့သုတ်ကျေးရွာအနီးတွင် တိုက်ခိုက်ခံရသည်။ ၎င်းနောက် စစ်ကောင်စီတပ်က ဒေသခံရွာသားများကို လိုက်လံဖမ်းဆီးခဲ့သည်။

ညနေပိုင်းအချိန်တွင် ဦးသိန်းကြည်နှင့် ဒေါ်အိုသီးတို့ပိုင်ဆိုင်သည့် ရာဘာခြံရှိ နေအိမ်ကို စစ်ကောင်စီတပ်သားများက မီးရှို့ဖျက်ဆီးခဲ့သည်။ ထို့နောက် စစ်ကောင်စီတပ်က ကျေးရွာအတွင်း ဝင်ရောက်ပြီး ခမောက်ကြီးမြို့ အမှတ် (၄) ရပ်ကွက်မှ (၁) လသားအရွယ် ကလေးငယ်နှင့် မိခင်ဖြစ်သူ အသက် (၂၈) နှစ်အရွယ် မအေးအေးမာကို ဖမ်းဆီးခဲ့သည်။ ထို့နောက် ၎င်းတို့ကို စစ်သား (၂၅) ဦးက ခမောက်ကြီးအခြေစိုက် အမှတ် (၂၀) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်သို့ ဖမ်းဆီးခေါ်ဆောင်သွားသည်။

ကော့သောင်းဒေသခံပြည်သူများ၏ပြောကြားချက်အရ တော်လှန်ရေးအင်အားစုများကို သတင်းအချက်အလက်ပေးသည်ဟုဆိုကာ ဒေသခံပြည်သူအများအပြား ဖမ်းဆီးခံရသည်။ ဒီဇင်ဘာလ (၉) ရက်နေ့ နံနက်ပိုင်းတွင် ခမောက်ကြီးမြို့နယ် အေးချမ်းသာနှင့် ဖော့သုတ်ကျေးရွာများမှ ဒေသခံပြည်သူ (၄) ဦး ကို စစ်ကောင်စီက ဖမ်းဆီးခဲ့ပြန်သည်။

ဖော့သုတ်ကျေးရွာမှ အသက် (၂၀) အရွယ် ကိုစိုးလွင်၊ ကိုဝက်ကြီး၊ အသက် (၁၇) နှစ် အရွယ်နှင့် အသက် (၂၀) အရွယ် အမျိုးသား (၂) ဦးကို စစ်အင်အား (၂၀) ကျော်ဖြင့် ဖမ်းဆီးခဲ့သည်။ စစ်ကောင်စီတပ်သားများသည် (၂) ဖွဲ့ခွဲကာ အေးချမ်းသာကျေးရွာ အဝင်အထွက်နေရာများကို ပိတ်ဆို့စစ်ဆေးကာ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

"သူတို့ဖုန်းထဲမှာ အချက်အလက်တွေ တွေ့လို့ဆိုပြီး အကုန်အဖမ်းခံလိုက်ရတယ်။ စစ်သားတွေက မသင်္ကာတာတွေ့ရင် ဖုန်းတွေကိုစစ်ပြီး ဖမ်းတော့တာပဲ" ဟု ဒေသခံ အမျိုးသားတစ်ဦးက ပြောသည်။

၎င်းပြင် အေးချမ်းသာကျေးရွာတွင် ရာဘာခြံလုပ်ငန်းလုပ်ကိုင်နေသူ အသက် (၅၀) အရွယ် ဦးချွတ်ကို ၎င်း၏နေအိမ်တွင် စစ်တပ်က ဖမ်းဆီးခဲ့ပြီး ၎င်း၏ရာဘာတင်ကား နှင့် ဘေးတွဲဆိုင်ကယ်ကိုလည်း သိမ်းယူခဲ့သည်။ ဖမ်းဆီးထားသူများကို ခမောက်ကြီး အခြေစိုက် အမှတ် (၂၀) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်တွင် ထိန်းသိမ်းထားပြီး မိသားစု ဝင်များနှင့် တွေ့ခွင့်မပေးချေ။

တော်လှန်ရေးအင်အားစုများ၏ ထုတ်ပြန်ချက်အရ ခမောက်ကြီးမြို့နယ် ဖော့သုတ် ကျေးရွာအနီးတွင်ဖြစ်ပွားခဲ့သော တိုက်ပွဲ၌ စစ်ကောင်စီဘက်က တပ်သား (၂) ဦး သေဆုံးခဲ့ပြီး သေနတ် (၁) လက် ဆုံးရှုံးခဲ့သည်။ စစ်သားအင်အား (၁၀၀) ခန့်က လယ်ကွင်းများနှင့် လမ်းဆုံလမ်းခွများတွင် ကင်းပုန်းဝပ်နေပြီး ခမောက်ကြီးမြို့နယ် မာရမ်း၊ အေးချမ်းသာနှင့် ဖော့သုတ်ကျေးရွာအနီးတဝိုက်တွင် နယ်မြေရှင်းလင်းရေး လုပ်ဆောင်နေသည်။

နိုဝင်ဘာလ ပထမအပတ်တွင် မာရမ်းနှင့် အေးချမ်းသာကျေးရွာများမှ အမျိုးသား (၂) ဦးကို ခမောက်ကြီးမြို့တွင် စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့ပြီး ယနေ့အချိန်အထိ ပြန်လည်လွှတ်ပေးခြင်း မရှိသေးချေ။ ၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ စစ်တပ်က အကြောင်းအမျိုးမျိုးပြပြီး ဖမ်းဆီးထိန်းသိမ်းခဲ့သူ (၂,၂၀၀) ကျော် ရှိပြီဖြစ်သည်။

လဝက်အချိန်ကာလအတွင်း ကံပေါက်ဒေသခံပြည်သူ (၄) ဦးကို ရေဖြူအခြေစိုက် မောရဂတီရေတပ်စခန်းဌာနချုပ်က ညသန်းခေါင်အချိန်တွင် ဖမ်းဆီးခဲ့သည်။ ဒီဇင်ဘာ (၁၈) ရက်နေ့တွင် တနင်္သာရီတိုင်း ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကံပေါက် ကျေးရွာအုပ်စုမှ ရွာသူရွာသား (၄) ဦး ဖမ်းဆီးခံခဲ့ရသည်။

မောရဂတီရေတပ်မှ စစ်သားများက ကား (၂) စီးဖြင့် ရောက်ရှိလာပြီး ၎င်းတို့၏နေအိမ် အသီးသီးတွင် ဝင်ရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ကို အုန်းပင်ကွင်း ကျေးရွာအုပ်စုအနီးရှိ မောရဂတီရေတပ်စခန်းဌာနချုပ်တွင် မေးမြန်းစစ်ဆေးနေသည်။ ၎င်းတို့ကို ညဘက်အချိန်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး စစ်ကောင်စီတပ်သားများက မိကျောင်းကျေးရွာရှိ နေအိမ်များကိုလည်း ဝင်ရောက်စစ်ဆေးခဲ့သည်။

"သူတို့မှာရှိတဲ့ ဓာတ်ပုံနဲ့ ကိုက်လားဆိုပြီး လူတိုင်းမျက်နှာကို သေချာစစ်ဆေးနေတယ်။ ဖမ်းဆီးသွားတဲ့သူတွေကို စစ်ဆေးမေးမြန်းစရာရှိတယ်လို့ သူတို့က ပြောသွားတယ်" ဟု ဖမ်းဆီးခံရသူများ၏မိသားစုနှင့်နီးစပ်သူက ပြောသည်။

ဖမ်းဆီးခံရသည့်အကြောင်းရင်းကို မိသားစုဝင်များကပင် သိရှိခြင်းမရှိချေ။ ၎င်းတို့၏တပ်စခန်း အတိုက်ခိုက်ခံရသဖြင့် ဖမ်းဆီးခြင်းဖြစ်ကြောင်းဒေသခံအများစုက ပြောသည်။ ဒီဇင်ဘာလ (၁၅) ရက်နေ့တွင် အမှတ် (၄) ဒေါနစစ်ကြောင်းက မောရဝတီရေတပ်စခန်းဌာနချုပ်ကို ဒရုန်းဖြင့်တိုက်ခိုက်ပြီးနောက်ပိုင်း ဖမ်းဆီးမှုများကို ပြုလုပ်လာခြင်းဖြစ်သည်။

ကိုသားကြီးသည် ကုန်တင်ကားယာဉ်မောင်းတစ်ဦး ဖြစ်ပြီး နေအိမ်တွင် ခဲရောင်းဝယ်ရေးလုပ်ကိုင်နေသူတစ်ဦး ဖြစ်သည်။ မသန်းသန်းစိုးသည် ကုန်စုံဆိုင်တစ်ဆိုင်ကို ဖွင့်လှစ်ရောင်းချနေသူ ဖြစ်သည်။ မသဲစုမိုးသည် သွားရည်စာမုန့်များရောင်းချသူတစ်ဦး ဖြစ်သည်။ ရွာသူရွာသား (၄) ဦးကို ဖမ်းဆီးပြီးနောက်ပိုင်း ၎င်းတို့၏လက်ကိုင်ဖုန်းများအားလုံးကို စစ်ကောင်စီက သိမ်းယူသွားကြောင်း ရွာသားများက ပြောသည်။

ယာဉ်မောင်းဖြစ်သူကိုသားကြီး၏ လက်ကိုင်ဖုန်းကို စစ်ဆေးပြီးနောက် မော်လမြိုင်မြို့ ဈေးကြိုကားဝင်းအတွင်းရှိ ကံပေါက်ဒေသမှကားများ ရပ်နားသည့်နေရာမှ ကားဂိတ်မန်နေဂျာကို မော်လမြိုင်စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ စစ်ဆေးမေးမြန်းပြီးနောက် ပြန်လွှတ်ပေးခဲ့သော်လည်း ၎င်း၏လက်ကိုင်ဖုန်းကိုမူ သိမ်းယူထားသည်။ ကံပေါက်ဒေသတွင် စစ်ကောင်စီတပ်သားများက ကင်းလှည့်လည်စစ်ဆေးလျက်ရှိသည်။

နိုဝင်ဘာလနောက်ဆုံးအပတ်တွင် ကံပေါက်ဒေသမှ ဆိုင်ကယ်ဝပ်ရှော့ဆိုင် ဖွင့်လှစ်ထားသူ အမျိုးသား (၂) ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ တစ်ယောက်ကိုသာ ပြန်လွှတ်ပေးခဲ့ပြီး ပိုင်ရှင်ဖြစ်သူကို ထိန်းသိမ်းထားဆဲဖြစ်သည်။ ပစ်ခတ်တိုက်ခိုက်မှုများနှင့် ပေါက်ကွဲမှုများ ဖြစ်ပွားတိုင်း မောရဝတီရေတပ်စခန်းဌာနချုပ်က ကံပေါက်ဒေသခံများကို ဖမ်းဆီးစစ်ဆေးလေ့ရှိသည်။

# အရေးပါသည့်တွေ့ရှိချက်များ

၁. ငွေကြေးဖောင်းပွလာမှုက ပြည်သူလူထုကို အကြီးအကျယ်ထိခိုက်စေပြီး ၎င်းတို့သည် အခြေခံစားသောက်ကုန်များကိုပင် ဝယ်ယူရန် ခက်ခဲလာသည်။

၂. မွန်ပြည်နယ်တစ်ဝန်းလုံးတွင် သက်ငယ်လိင်ပိုင်းအကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး အာဏာပိုင်များက အရေးယူဆောင်ရွက်မှုမရှိကြောင်း မွန်အမျိုးသမီးအဖွဲ့များက သတိပေးထုတ်ပြန်ထားသည်။

၃. လက်နက်ကိုင်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပေါ်နေပြီး နယ်မြေမတည်ငြိမ်မှုနှင့် စစ်ရေးတင်းမာနေမှုတို့က ပြည်သူများကို အိုးအိမ်စွန့်ခွာရန် ဖိအားပေးနေသည်။

၄. ရဲတပ်ဖွဲ့ဝင်များနှင့် စစ်တပ်လက်ကိုင်တုတ် ပြည်သူ့စစ်အဖွဲ့ဝင်များက တစ်အိမ်တက်တစ်အိမ်ဆင်း စစ်ဆေးနေပြီး ၎င်းတို့အလိုရှိသည့်သူများကို ဖမ်းဆီးနေသည်။

၅. အရေးပါသည့်လမ်းမတစ်လျှောက်တွင် တပ်စွဲထားသည့် စစ်ကောင်စီ၏ဂိတ်စခန်းများက ခရီးသွားပြည်သူများ၏ မော်တော်ဆိုင်ကယ်များ၊ လက်ကိုင်ဖုန်းများနှင့် ငွေကြေးဥစ္စာများကို သိမ်းယူနေသည်။ ကိုယ်ပိုင်ပစ္စည်းများကို ပြန်လည်ရရှိရန် ပြည်သူများက လာဘ်ငွေများ ပေးနေရသည်။ သို့သော် ပြည်သူအများစုမှာ လာဘ်ငွေပေးရန် မတတ်နိုင်ကြချေ။

၆. ညှဉ်းပန်းနှိပ်စက်ခြင်းသည် အချက်အလက်ကောက်ခံစုဆောင်းသည့်ဒေသများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေပြီး သတင်းအချက်အလက်ရယူရန် စစ်ကောင်စီက ကျင့်သုံးနေသည့် ရက်စက်ကြမ်းကြုတ်သည့်နည်းလမ်းဖြစ်သည်။

၇. မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့်အခြေအနေများ သိသိသာသာပြောင်းလဲသွားရန် ကုလသမဂ္ဂနှင့် အာစီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းများက လုံလောက်စွာ ဖိအားမပေးနိုင်ကြချေ။ နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာ့အရေးကို အထူးအာရုံစိုက်ပြီး စစ်ကောင်စီကို တာဝန်ခံမှုရှိလာစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

၈. ပြစ်ဒဏ်မှကင်းလွတ်ခွင့်ကို တပ်မတော်အမည်ခံ စစ်တပ်က ဆက်လက်ရရှိနေပြီး အဆိုပါအခြေအနေကပင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်ရန် စစ်တပ်ကို အားပေးနေသည်။

၉. စစ်တပ်၏ပစ်မှတ်ထားတိုက်ခိုက်မှုတွင် ကလေးသူငယ်များလည်း ပါဝင်နေပြီး ကလေးသူငယ်များမှာ အစားအစာ၊ ပညာရေး၊ ဆေးကုသခွင့်နှင့် လုံခြုံစွာအသက်ရှင်နေထိုင်ခွင့်စသည့် အခြေခံအခွင့်အရေးများကို ဆုံးရှုံးနေသည်။

၁၀. မတရားဖမ်းဆီးခြင်းနှင့် တရားဥပဒေနှင့်မကိုက်ညီသော ထိန်းသိမ်းချုပ်နှောင်မှုများကို စစ်တပ်ကဆက်လက်လုပ်ဆောင်နေသည်။ ရှာဖွေခွင့်ဝရမ်း မပါရှိဘဲ ဝင်ရောက်စီးနင်းရှာဖွေခြင်းနှင့် လူနေကျေးရွာနှင့် ရပ်ကွက်များအတွင်းသို့ လက်နက်ကြီး လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းများကို ပြုလုပ်နေသည်။

# တိုက်တွန်းတောင်းဆိုချက်များ

**မွန်ပြည်နယ် လူ့အခွင့်အရေး ဖောင်ဒေးရှင်းက အောက်ပါတို့ကို ချက်ချင်း တောင်းဆိုလိုက်သည်။**

၁. မြန်မာနိုင်ငံတွင် ပကတိမြေပြင်၌ဖြစ်ပွားနေသည့် အဖြစ်အပျက်ကိစ္စရပ်များကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အပြည်ပြည်ဆိုင်ရာဇရာဝတ်မှုခုံရုံးသို့ လွှဲပြောင်းပေးရမည်။

၂. ကမ္ဘာ့ခေါင်းဆောင်များ၏ တိကျခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုဖြင့် အကြမ်းဖက်လူသတ်စစ်ကောင်စီ၏လက်ထဲသို့ လက်နက်များ စီးဝင်ရောက်ရှိခြင်းမရှိစေရန် လက်နက်ရောင်းဝယ်မှုတားမြစ်ချက်ကို ချက်ချင်းအတည်ပြုထောက်ခံရမည်။

၃. လေယာဉ်ဆီတင်သွင်းမှုကို တားမြစ်ခြင်းဖြင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်များ ကြီးကြီးမားမားဆုံးရှုံးနေမှုကို ရပ်တန့်စေရမည်။

၄. စစ်ကောင်စီ၏ အရာရှိများနှင့် ၎င်းတို့၏မိသားစုဝင်များကို ပစ်မှတ်ထားပိတ်ဆို့ပြီး ပြည်ပနိုင်ငံများတွင် အကျင့်ပျက်ခြစားသည့်စီးပွားရေးလုပ်ငန်းများ မလုပ်ကိုင်နိုင်စေရန် ၎င်းတို့၏ငွေကြေးနှင့်ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများကို ထိန်းချုပ်ရမည်။

၅. ထိခိုက်လွယ်သည့် အရပ်သားပြည်သူများကို အကာအကွယ်ပေးသည့်လုပ်ငန်းစဉ်ကို ပိုမိုအားကောင်းလာစေရန်လည်းကောင်း၊ (လိုအပ်ပါ) လုပ်ငန်းစဉ်အသစ်ပြန်လည်ချမှတ်ရန်လည်းကောင်း လုပ်ဆောင်ရမည်။ ထိုမှတဆင့် နစ်နာသူပြည်သူများက တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှုများကို ပြန်လည်ရရှိနိုင်ရမည်။

၆. မြေပြင်လိုအပ်ချက်များကို ကူညီထောက်ပံ့နေသည့် အဖွဲ့အစည်းများထံသို့ ဘဏ္ဍာရေးထောက်ပံ့မှုများကို ဆက်လက်ထောက်ပံ့ရန်နှင့် ပုံစံအသစ်ဖြင့် ထောက်ပံ့ရန် လုပ်ဆောင်ရမည်။ နယ်စပ်ဖြတ်ကျော်အကူအညီများကိုလည်း ဆက်လက်ပေးအပ်ထားရမည်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီများအားလုံးသည် ဒေသတွင်းအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုအောက်တွင်ရှိရမည်ဖြစ်သည်။

၇. နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအနေဖြင့် လုပ်ငန်းများအားလုံးကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး လေယာဉ်ကွင်း၊ သဘော်ဆိပ်ကမ်းနှင့် ဘိလပ်မြေလုပ်ငန်းအပါအဝင် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများကို ချွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းသွားရမည် ဖြစ်သည်။

၈. ညှဉ်းပန်းနှိပ်စက်မှုများကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး ညှဉ်းပန်းနှိပ်စက်ခံရပြီး မတရားသေဆုံးခဲ့ရသူ အပြစ်မဲ့ပြည်သူများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည် ဖြစ်သည်။ ၎င်းပြင် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ အတိဒုက္ခများကို ထိခိုက်ခံစားခဲ့ရသူများ၊ နာတာရှည်ထိခိုက်ဒဏ်ရာရရှိခဲ့သူများအတွက်လည်း စုံစမ်းစစ်ဆေးမှုကို စတင်လုပ်ဆောင်ရမည် ဖြစ်သည်။

# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဒီဇင်ဘာလ ၂၀၂၃